# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 24 , 2023 | Volume 69, Number 17


၂၄.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၁.၈ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၅၃.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ၂၀၂၃ ခုနှစ်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆန်ရောင်းဝယ်ရေးစာချုပ်ချုပ်ဆိုနိုင်ရေးဆိုင်ရာ အွန်လိုင်းအစည်းအဝေး တက်ရောက်



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါသည် ၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်နေ့ ၁၅:၀၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ဆန်ရောင်းဝယ်ရေး စာချုပ်ချုပ်ဆိုနိုင်ရေးဆိုင်ရာ အစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် G to G အစီအစဉ်ဖြင့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဆန်အရောင်းအဝယ်စာချုပ် (Sale and Purchase Contract) ချုပ်ဆို၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာန၊ ဝန်ကြီးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဌနှင့်တာဝန်ရှိသူများအကြား တွေ့ဆုံညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးဖြစ်ပါသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နော်မူတာကပေါနှင့် တာဝန်ရှိသူများ၊ ဒါကာမြို့ရှိ မြန်မာသံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဌနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စားနပ်ရိက္ခာဝန်ကြီးဌာနဝန်ကြီးနှင့်တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စားနပ်ရိက္ခာဝန်ကြီးဌာနဝန်ကြီးက ယခင်နှစ်က မြန်မာနိုင်ငံမှ ဆန်ဝယ်ယူခဲ့ပြီး အရည်အသွေးကို နှစ်မြို့က်ပါကြောင်း၊ ထပ်မံဝယ်ယူလိုသည့်အတွက် ဆန်အရည်အသွေး သတ်မှတ်ချက်များအလိုက် ဈေးနှုန်းသတ်မှတ် စာချုပ်ချုပ်ဆိုဝယ်ယူလိုပါကြောင်း ညှိနှိုင်းဆွေးနွေးပါသည်။ မြန်မာနိုင်ငံမှ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က နှစ်နိုင်ငံအကြား ချုပ်ဆိုလိုသော ဆန်နှင့်လယ်ယာထွက်ကုန် ကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ (MoU on Rice and Agro Products Trade) ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ သံတမန်လမ်းကြောင်းမှတစ်ဆင့် တရားဝင်အဆိုပြုစာ ပေးပို့စေလိုကြောင်းနှင့် လက်မှတ်ရေးထိုး နိုင်သည်အထိ နှစ်ဘက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဥက္ကဋ္ဌက လက်ရှိနိုင်ငံတကာ ဈေးကွက်အခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းဈေးကွက်အခြေအနေ၊ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားနှင့် ငွေကြေးမူဝါဒများအရ သင့်လျော်သည့် ဆန်ဈေးနှုန်း သတ်မှတ်ရောင်းချနိုင်ရေး ထပ်မံဆွေးနွေးညှိနှိုင်းရန် လိုအပ်သည့်အခြေအနေဖြစ်ပါကြောင်း၊ သို့ရာတွင် နှစ်နိုင်ငံအကြား ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးထားပြီးဖြစ်သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချနိုင်ရေး အတွက် မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ တင်ပြဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလလယ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဆန်အရောင်းအဝယ်စာချုပ် (Sale and Purchase Contract) ချုပ်ဆိုနိုင်ရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းသွားရန် လျာထားပါကြောင်း ဆွေးနွေးပါသည်။

နှစ်နိုင်ငံ တာဝန်ရှိသူများအကြား အပြန်အလှန်ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးကို (၁၅:၄၅) နာရီတွင် ရုပ်သိမ်းခဲ့ကြ ပါသည်။

**Source:** https://myantrade.gov.mm/article/Naypyitawstp_240820231017

## ACEMES-ROK project များအတွက် သုံးလပတ် တိုးတက်မှုအစီရင်ခံစာ အစည်းအဝေး (Quarterly Progress Report Meeting) ကျင်းပခြင်း



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ နံနက် ၈:၃၀ နာရီအချိန်တွင် ထိုင်းနိုင်ငံ၊ မဲခေါင်သိပ္ပံ (Mekong Institute) မှကြီးမှူး၍ Virtual စနစ်ဖြင့် ကျင်းပသည့် အက်ခ်ကမက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေ (ACEMES-ROK Cooperation Fund) ဖြင့်

အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများ၏ သုံးလပတ်တိုးတက်မှု အစီရင်ခံစာအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ စီမံကိန်းဆိုင်ရာတာဝန်ရှိသူများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့အစည်း (Project Implementing Agency-PIA) အဖွဲ့ဝင်များ စုစုပေါင်း (၂၀) ဦးကျော် တက်ရောက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံဘက်မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဘ်မူတာကပေါ ဦးဆောင်သည့် စီမံကိန်းဆိုင်ရာတာဝန်ရှိသူအရာရှိများတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် မဲခေါင်သီပွဲ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးဌာန (Trade and Investment Facilitation Department- TIF) မှ ညွှန်ကြားရေးမှူး Mr. Madhurjya K.Dutta က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် စီမံကိန်းများအတွက် ရေးဆွဲထားသည့် လုပ်ငန်းအစီအစဉ် (Work Plans) များအရ သုံးလပတ်အတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သက်ဆိုင်ရာနိုင်ငံများအလိုက် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များက ရှင်းလင်းတင်ပြခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ အကောင်အထည်ဖော်နေသည့် "အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း"မှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် သင်တန်းအစီအစဉ်များ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စီမံကိန်း ရည်ရွယ်ချက် ပြည့်မီစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို တင်ပြခဲ့ပါသည်။

ထို့နောက် သက်ဆိုင်ရာနိုင်ငံများအလိုက် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘတ်ဂျက်သုံးစွဲမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နံနက် (၁၁:၁၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source:** https://myantrade.gov.mm/article/Nay%20Pyi%20Taw%20STP_23-8-2023%204:23%20PM

## လောင်စာဆီဈေးနှုန်း ကြီးမြင့်လာခြင်းကြောင့် တနင်္သာရီတိုင်းအတွင်းရှိ ငါးဖမ်းလှေများ အထွက်စရိတ် အခက်အခဲပိုဖြစ်လာ

လောင်စာဆီဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ငါးဖမ်းလှေများ အထွက်စရိတ် ပိုမိုအခက်အခဲဖြစ်လာနေကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

ယခုနှစ် ငါးဖမ်းရာသီကို ဇူလိုင်လအစတွင် စတင်ခွင့်ပြုပေးခဲ့သော်လည်း ငါးဖမ်းလှေများမှာ ပင်လယ်ပြင်အတွင်း လုပ်ငန်းခွင်ဝင်ရန် အထွက်စားရိတ်ကြီးမြင့်မှုနှင့် ကြုံတွေ့နေရကြောင်းသိရသည်။ လောင်စာဆီဈေးနှုန်းများ ကြီးမြင့်လာပြီး ဒီဇယ်ဆီတစ်ပီပါလျှင် ကျပ်ခုနစ်သိန်းနီးပါးအထိရောက်ရှိလာရာ လှေတစ်စင်းအထွက်စရိတ်အတွက် အခက်အခဲ ဖြစ်လာနေကြောင်းသိရသည်။ "ပြီးခဲ့တဲ့ ငါးဖမ်းရာသီအပိတ်မှာ လောင်စာဆီဈေးနှုန်းက ကျပ်ငါးသိန်းအောက်မှာပဲရှိခဲ့တယ်။ အခု ဒီဇယ်တစ်ပီပါကို ကျပ်ခုနစ်သိန်းနားကပ်နေပြီ။ ရေခဲပေါင် ၃၀၀ တစ်တုံးကို ကျပ်တစ်သောင်းကျော်လာနေပြီ။ ဒီဇယ်ပီပါ ရာနှင့်ချီပြီး လိုအပ်သလို လှေသားတွေအတွက် စရိတ်၊ ရေခဲစရိတ်တွေ၊ စားရွက်စာတမ်းနဲ့တခြားကုန်ကျစရိတ်တွေပေါင်းလိုက်ရင် ကျပ်သိန်း ၅၀၀ နဲ့ ၁၀၀၀ ကြားရှိနေပြီ။ ဒါက လှေအရွယ်အစားအလိုက် ကုန်ကျစရိတ်တွေ ကွာသေးတယ်။ ပင်လယ်ပြင်ကို ထွက်ခွာရင် တွက်ခြေကိုက်မကိုက်က မသိသေးဘူး။လောလောဆယ် ဆိပ်ကမ်းကထွက်တာနဲ့တင် သိန်း ၅၀၀ နဲ့ ၁၀၀၀ ကြားကုန်နေပြီ" ဟု မြိတ်မြို့မှ ငါးဖမ်းလှေပိုင်ရှင်တစ်ဦးကဆိုသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ငါးဖမ်းရာသီသတ်မှတ်ရာတွင် ဇူလိုင်လမှစတင်ကာ ငါးဖမ်းရာသီအဖြစ် သတ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "ဩဂုတ်လနောက်ဆုံးပတ်အထိ ပင်လယ်ထဲမှာ လှိုင်းလေပြင်းထန်နေသေးသလို မိုးလည်း ရွာနေတုန်းပါပဲ။ လှေငယ်တချို့ကတော့ အထွက်စရိတ်၊ ရာသီဥတုအနေထားတွေကိုကြည့်ပြီး ချိန်ဆနေတုန်းပါ။ လှေကြီးတွေကတော့ ရေလုပ်သားတွေအတွက် အလုပ်အကိုင်မရှားပါးဖို့ အထွက်စရိတ်လေးကျေရင်ရပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းခွင်ဝင်နေတယ်။ ထိုင်းမှာရှိတဲ့ ငါးဈေးကွက်ကလည်း မြန်မာနိုင်ငံမှာ ငါးဖမ်းရာသီစတင်ပြီဆိုတာနဲ့ ဈေးကိုဖြတ်ချပစ်လေ့ရှိတယ်။ ငွေလဲနှုန်းတွေကလည်း အခက်အခဲတစ်ခုပါပဲ။ ဘယ်လိုလုပ်ရမလဲ ဒီလိုပဲရုန်းကန်တောင့်ခံနေရတာပါပဲ"ဟု ကမ်းဝေး ငါးဖမ်းလှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးသားပေါက်ရာသီကို ဧပြီ၊ မေ၊ ဇွန်လအဖြစ်သတ်မှတ်ကာ ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ထားခဲ့ပြီး ဇူလိုင်လမှစတင်ကာ ရာနှုန်းပြည့် ငါးဖမ်းဆီးခွင့်ပြုထားခဲ့ကြောင်းသိရသည်။ လောင်စာဆီဈေးနှုန်း ကြီးမြင့်လာခြင်းနှင့်အတူ အခြေခံစားသုံးကုန်များလည်း ဈေးနှုန်းလိုက်ပါကြီးမြင့်လာခြင်း၊ ငါးဈေးကောင်းမရခြင်း၊ အထွက်စရိတ်ကြီးမြင့်လာခြင်း၊ ရာသီဥတုအနေထား ဆိုးရွားနေခြင်းတို့ကြောင့် ငါးဖမ်းရာသီအစကို အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

**Source:** https://news-eleven.com/article/252586

## ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၀၀၀ ဈေးဖြင့်ရောင်းချရ၍ တောင်သူများအကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်တွင် ကြက်သွန်နီ စိုက်ပျိုးတောင်သူများအနေဖြင့် ကြက်သွန်များ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင်လည်း ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးဖြင့် ရောင်းချနေရ၍ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုး ရေ အဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ ကြက်သွန်နီ တစ်ဧကကို အနည်းဆုံးပိဿာချိန် ၃၀၀၀ မှ ၄၀၀၀ အထိထွက်ရှိပါတယ်။ ကျွန်တော်တို့ဒေသမှာ ကြက်သွန်နီ စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီနဲ့ဆောင်းရာသီမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ယခုလက်ရှိမှာ ကြက်သွန်နီဈေးက တစ်ပိဿာကို ငွေကျပ် ၃၀၀၀ ဈေးနဲ့ရောင်းနေရတော့ ကြက်သွန်နီစိုက်ပျိုးတဲ့တောင်သူတွေ စီးပွားရေးတွက်ခြေကိုက်တယ်"ဟု ပွင့်ဖြူမြို့နယ် အနောက်လေးအိမ်ကျေးရွာမှ ဒေသခံတောင်သူ ဦးခင်မောင်ဇော်ကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ ကြူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။


**Source:** https://www.myawady.net.mm/node/44916

## အိန္ဒိယ သကြားတင်ပို့မှု တားမြစ်မည်

အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ကြံအထွက်နှုန်းလျော့ကျမည်ဖြစ်သဖြင့် လာမည့်အောက်တိုဘာလတွင် ပြည်ပသို့သကြားတင်ပို့ခြင်းမှ တားမြစ်ဖွယ်ရှိသည်။ ၇ နှစ်အတွင်း ပထမဆုံးအကြိမ် သကြားတင်ပို့မှု တားမြစ်ခြင်းဖြစ်လိမ့်မည်။

အိန္ဒိယသကြား ကမ္ဘာ့ဈေးကွက်ထဲ ရောက်မလာတော့သည့်အခါ ကမ္ဘာ့သကြားဈေးကွက်တွင် သကြားဈေးတက်မည်။ နောက်ဆက်တွဲအဖြစ် ကမ္ဘာ့စားသောက်ကုန် ဈေးကွက်များတွင် ကုန်ဈေးနှုန်းများ ထပ်မံမြင့်တက်လိမ့်မည်။ "ကျွန်တော်တို့ရဲ့ အဓိကဦးတည်ချက်မှာ ပြည်တွင်းသကြားလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပိုလျှံသောကြံမှ အီသနောကို ထုတ်လုပ်ရန်ဖြစ်ပါတယ်" ဟု အစိုးရသတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။ ဒီတော့ လာမယ့်ရာသီမှာ သကြားပို့ကုန်ခွဲတမ်းများအတွက် ခွဲဝေချထားပေးဖို့ ကျွန်တော်တို့မှာ သကြားအလုံအလောက်ရှိမှာ မဟုတ်ပါဘူး"ဟု ၎င်းကပြောကြားသည်။

အိန္ဒိယနိုင်ငံသည် စက်တင်ဘာလအထိ လက်ရှိရာသီအတွင်း သကြားတန်ချိန် ၆ ဒသမ ၁ သန်းသာ တင်ပို့ရန် ခွင့်ပြုခဲ့သည်။ ယခင်ရာသီတွင် သကြားတန်ချိန် ၁၁.၁ သန်း တင်ပို့ရန် ခွင့်ပြုခဲ့သည်။ ၂၀၁၆ ခုနှစ်တုန်းက အိန္ဒိယနိုင်ငံသည် ပြည်ပသို့ သကြားတင်ပို့မှုအပေါ် အခွန် ၂၀% ချမှတ်ခဲ့သည်။ သကြားတင်ပို့မှုလျော့ကျစေရန် အခွန်တိုးမြှင့်ကောက်ခံခြင်းဖြစ်သည်။




ယခုနှစ် မုတ်သုန်မိုးသည် အိန္ဒိယနိုင်ငံ သကြားထွက်ရှိမှု စုစုပေါင်း၏ ထက်ဝက်ကျော်ကို ထုတ်လုပ်ပေးနေသည့် ပြည်နယ်နှစ်ခု ကာနာတာကာနှင့် မဟာရာရှာထရာတို့တွင် ပျမ်းမျှအောက် ၅၀% ကျော် လျော့နည်းခဲ့သည်။

မိုးကွက်ကြားရွာသွန်းပါက ၂၀၂၃-၂၀၂၄ ရာသီတွင် သကြားထွက်ရှိမှုလျော့ကျမည်။ ၂၀၂၄-၂၀၂၅ ရာသီတွင် စိုက်ပျိုးမှုလျော့နည်းမည်။

ပြည်တွင်းသကြားဈေးသည် ယခုတစ်ပတ်အတွင်း ၂ နှစ်တာအတွင်း အမြင့်ဆုံးသို့ ခုန်တက်သွားခဲ့သည်။ သကြားစက်များမှာ အရန်သိုလှောင်ထားသည့် သကြားများကို ယခုဩဂုတ်လတွင် တန်ချိန် ၂ သိန်း တိုးမြှင့်ရောင်းချရန် အစိုးရက ခွင့်ပြုပေးခဲ့သည်။ အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ ရာသီတွင် တန်ချိန် ၃၁ ဒသမ ၇ သန်းသို့ ကျဆင်းသွားနိုင်သည်။

**Source :Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6730-india-sugar.html

## လပွတ္တာမြို့နယ်တွင် နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေသန်းကပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် မေလ၊ ဇွန်လနှင့်ဇူလိုင်လတို့က နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ ထိသာဈေးရှိခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ယနေ့ (ဩဂုတ်လ ၂၂) ရက်နေ့ထိ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ ထိ ဈေးကောင်းရရှိကြောင်း သိရသည်။

"ဒီနှစ် နေလှန်းဆားဈေးက အဆမတန် မြင့်တက်နေတယ်။ ပြည်တွင်း ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းလုပ်တဲ့ ရာသီဖြစ်လို့ အခုလိုဒေသထွက်ဆား ဈေးတက်နေတာပါ။ လက်ရှိအချိန်က ဒေသမှာဆားလက်ကျန်တွေပဲရှိပါတယ်။ အခု လက်ကျန်ဆားတွေကိုပဲရောင်းနေတာ၊ အခုလို ဆားဈေးကောင်းလာတော့ ဆားထုတ်လုပ်တဲ့တောင်သူတွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ ဒေသထွက်ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးထဲက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဘက်ကိုလည်း တင်ပို့ရောင်းချနေပါတယ်။ ဆားဈေးကောင်းလာတော့ ဆားလုပ်ငန်းက သိုလှောင်ထားသူတွေ အဆင်ပြေတာတွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ်မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေသန်းက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆားများကို ထုတ်လုပ်ရာတွင် ဆားလုပ်သားတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၈၀၀၀ ထိပေးကာ နေ့စားစနစ်ဖြင့် ငှားလုပ်ကိုင်ရကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း ဒေါ်ဆွေသန်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အယ်နီညိုကြောင့် မြန်မာ့ဆန်တင်သွင်းရန် အင်ဒိုနီးရှားစောင့်ကြည့်နေ

အယ်နီညိုရာသီဥတုပုံစံကြောင့် ဆန်အထွက်နှုန်းကျဆင်းနိုင်တယ်လို့ တွက်ဆထားလို့ လိုအပ်တဲ့ပမာဏ ဖြည့်တင်းနိုင်ရေးအတွက် မြန်မာနဲ့ကမ္ဘောဒီးယားနိုင်ငံတွေကနေ ဆန်တင်သွင်းဖို့ကြိုးပမ်းနေကြောင်း အင်ဒိုနီးရှားအစိုးရပိုင် နိုင်ငံတော်အဆင့် စားနပ်ရိက္ခာဝယ်ယူသိုမှီးရေးအဖွဲ့ (Bulog) က ပြောပါတယ်။

ဆန်ဝယ်ယူရေးအတွက် စာချုပ်ချုပ်ဆိုရခြင်း မရှိသေးပါဘူး။ ဒါပေမယ့် မကြာမီကာလတွင်းမှာ မျှော်လင့်နိုင်လိမ့်မယ်လို့ Bulog အဖွဲ့ရဲ့ ကော်ပိုရိတ်အတွင်းရေးမှူး Awaluddin Iqbal က ဆိုပါတယ်။

တဖက်မှာလည်း မြန်မာ့ဆန်တင်ပို့သူတွေအနေနဲ့ အိန္ဒိယရဲ့ ကမ္ဘာ့ဈေးကွက်ထံ ဆန်တင်ပို့မှုပိတ်ပင်လိုက်တာကို အခွင့်ကောင်းယူပြီး ဈေးကွက်ဝေစု ပိုမိုရရှိလာနိုင်မယ်လို့ မျှော်လင့်ထားပုံရပါတယ်။

မြန်မာဘက်ကတော့ တန်းမြင့်ဆန်အမျိုးအစားတွေကို ဦးစားပေးရောင်းချသွားဖို့အတွက်ကို အာရုံစိုက်နေပြီး ထိပ်သီး ဆန်ရောင်းချသူတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ထိုင်းတို့ရဲ့ FOB ဈေးတွေ မြင့်တက်နေခြင်းကလည်း ဈေးကွက်အသစ်ရှာဖွေဖို့ အခွင့်အရေးတခုလို ဖြစ်လာပါတယ်။

ဒီအချက်တွေကြောင့်ပဲ ယခုဘဏ္ဍာနှစ် လေးလပတ်အတွင်း ပြည်ပဆန်တင်ပို့မှု ထက်ဝက်ကျော် ကျဆင်းသွားခြင်းကနေ ပြန်လည်မြင့်တက်လာနိုင်ပြီး ဆန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရရှိရေး ရည်မှန်းချက်ပြည့်မီနိုင်မယ်လို့ သုံးသပ်ကြပါတယ်။

လက်ရှိမှာ တန်းမြင့်ဆန်တွေကို ဦးစားပေးရောင်းချမယ်လို့ MRF က ဆုံးဖြတ်ထားပေမယ့် ဧပြီလမှ ဇူလိုင်လအထိ တန်ချိန် ၃၂၀၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၁၃၈ သန်းသာရရှိခဲ့တယ်လို့ အချက်အလက်တွေအရ သိရှိရပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်း ဆန်/ဆန်ကွဲ တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော် ရရှိထားခဲ့ပြီး အသင်းချုပ်ရဲ့ အဆိုအရ တရုတ်၊ ဖိလစ်ပိုင်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေက ထိပ်သီးဝယ်ယူသူတွေ ဖြစ်ခဲ့ပါတယ်။

**Source:** BETV Business

## STOCK EXCHANGE (24.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 24th Aug. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 4,041 (Shares) | 11,682,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,300 | 199 | 1,851,700 | 33,109,694 | 311,231 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 1,824 | 5,835,750 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 7 | 56,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 392 | 666,400 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 20 | 49,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 588 | 1,352,400 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 1,011 | 1,871,550 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 24th Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.17 | +0.00 | +0.00% | 393.14 | 394.17 | 392.41 | 4,041 | 11,682,800 | 8 | 743,474 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 24th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 4,041 (Shares) | 11,682,800 (MMK) |

### Main Board

As of 1:00 pm, 24th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,041 (Shares) | 11,682,800 (MMK) |

| MYANPIX | 394.17<br>▲ 0.00 |
|---|---|
| Total Volume (shares) | 4,041 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 743,474 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |

TIR